# ဒီနေ့အတွက် သိကောင်းစရာ (၄)

(၂၀၂၀) ပြည့်နှစ်၊ မေလ (၂၅) ရက်

## ဘာကြောင့်ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးဖို့လိုသလဲ?

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကာကွယ်ဆေး (၁၂) မျိုးကို အခမဲ့ထိုးနှံ/ တိုက်ကျွေးပေးလျက် ရှိပါတယ်။
- **အဲ့ဒီ ကာကွယ်ဆေး (၁၂) မျိုးကို သတ်မှတ်အကြိမ်အပြည့်အဝ ထိုးနှံ/ တိုက်ကျွေးပေးခြင်းဖြင့် –**
  - ✓ ပြင်းထန်တီဘီ၊ ပိုလီယိုအကြောသေ၊ ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ မေးခိုင်၊ Hib ဦးနှောက် အမြှေးရောင်/ အဆုတ်ရောင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဘီ)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုးနှင့် ရိုတာပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊
  - ✓ ရောဂါ (၁၂) မျိုးကြောင့် ဆေးရုံမတက်ရောက်ရတော့ခြင်း၊
  - ✓ ရောဂါကြောင့် ရာသက်ပန်မသန်စွမ်းဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့မှ ကာကွယ်နိုင်ခြင်း၊
  - ✓ မလိုလားအပ်သည့် စိတ်ပူပန်ရမှု၊ ငွေကြေးကုန်ကျရမှုများမရှိတော့ခြင်း၊
  - ✓ ဉာဏ်ရည်နှင့် ကိုယ်ကာယကြီးထွားဖွံ့ဖြိုးခြင်းတို့ကို အထောက်အကူပြုစေခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ပါတယ်။
- ကာကွယ်ဆေးတွေအတွက် ကလေး (၁) ဦးကို ကျပ်ငွေ (၆၀,၀၀၀)ခန့် ကုန်ကျစရိတ် ရှိပြီး မိမိတို့နိုင်ငံမှာ အခမဲ့ထိုးနှံ/ တိုက်ကျွေးပေးနေတာ ဖြစ်ပါတယ်။
- ဒါ့ကြောင့် မိဘများအနေနဲ့ ကာကွယ်ဆေးကို တန်ဖိုးထားပြီး ကာကွယ်ဆေးထိုးပေးနေတဲ့ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာန/ စုရပ်နေရာများကို ရှာဖွေ ထိုးနှံတိုက်ကျွေးပေးကြပါ။



